ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး

All Arakan Students' & Youths' Congress

P.O.Box-178, Mae Sod, Tak-63110, Thailand. Email: aasyc.ghq@gmail.com

# (၁၈) နှစ်မြောက် ရခိုင်–မြန်မာ ပဏ္ဍိတ် ဆရာကြီး ဦးဦးသာထွန်း ကျဆုံးခြင်းနှစ်ပတ်လည်နေ့ သဘောထားထုတ်ပြန်ကြေငြာချက်

နေ့စွဲ – ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ (၁၄)ရက်
စာအမှတ် – ရကလစ/ဗဟို/ထုတ်ပြန်/၀၆/၀၈

ယနေ့ ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ (၁၄)ရက်နေ့သည် မဟာလူမျိုးကြီးဝါဒကို ကျင့်သုံးသောစစ်အာဏာရှင်တို့၏ မသမာနည်းဖြင့် ရက်စက်စွာ သတ်ဖြတ်လိုက်ခြင်းကြောင့် ကျဆုံးသွားခဲ့ရသော ရခိုင်–မြန်မာပဏ္ဍိတ် ဆရာကြီး ဦးဦးသာထွန်း ၏ (၁၈)နှစ်မြောက် နှစ်ပတ်လည် နေ့တစ်နေ့ ဖြစ်ပေသည်။

ဆရာကြီးသည် ရခိုင်သမိုင်းအပြင် မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်းတို့ကို ကျွမ်းကျင်သူတစ်ဦးဖြစ်သည်နှင့်အညီ ဗမာပြည်တွင်လည်း ရခိုင်–မြန်မာပဏ္ဍိတ် သမိုင်းဆရာကြီးတစ်ဦးအနေဖြင့် ကျော်ကြားခဲ့သူဖြစ်ပေသည်။ ကမ္ဘာ့အရပ်ရပ်မှ လာရောက်လေ့လာသော သမိုင်းသုတေသီ အသီးသီးတို့ပင် လေးစားဂုဏ်ပြုကြသော ပုဂ္ဂိုလ်ထူးတစ်ဦးလည်း ဖြစ်သည်။ ဆရာကြီးသည် အမျိုးသားရေးစိတ်ဓါတ်ရှိသူတစ်ဦးဖြစ်သည်နှင့်အညီ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၌ “နယက” တာဝန်ကို ထမ်းဆောင်ရင်း ရခိုင်ပြည်အနှံ့ခြေဆန့်၍ သမိုင်းသုတေသနပြုကာ ရခိုင်ပြည်သူ ပြည်သားများအား နိုင်ငံရေးအသိနိုးကြားစေရန် အမြဲတစေ အမျိုးသားရေးတရား၊ နိုင်ငံရေးတရား ဟောပြောခဲ့သူတစ်ဦးလည်း ဖြစ်ပေသည်။

ဆရာကြီးသည် မြောက်ဦးမြို့၌ စစ်အုပ်စုမှ စေလွှတ်လိုက်သော စစ်အစိုးရဘုန်းတော်ကြီး အရှင်ညာဏိသာရနှင့်အဖွဲ့ ဗမာပြည်၏သမိုင်း၊ ရခိုင်ပြည်၏သမိုင်းကြောင်းကို အချေအတင် ဆွေးနွေးခဲ့ရာ ဆရာကြီး၏တင်ပြချက်များမှာ သက်သေအထောက်ထားမှန်ကန်သောကြောင့် စစ်အုပ်စုမှ ရခိုင်ပြည်သမိုင်းကြောင်းနှင့် ဗမာပြည်သမိုင်းကြောင်း ယှဉ်ထိုးမရနိုင်အောင် ဖြစ်သွားခဲ့သည်။ အရှင်ညာဏိသရနှင့်အဖွဲ့မှာ ဆရာကြီး၏ ချေပပြောဆိုချက်၊ တင်ပြချက်၊ မေးမြန်းချက် မည်သို့မျှပြန်လည်ချေပပြောဆိုနိုင်ခြင်းမရှိဘဲ တပ်ခေါက်၍ ပြန်သွားခဲ့ရလေသည်။ ထိုအချင်းအရာကို အကြောင်းပြု၍ ဆရာကြီး၏ အမျိုးသားရေးအတွက် ကြိုးပမ်းနေမှုများကို ရပ်တန့်ရန် နည်းအမျိုးမျိုးကို စစ်အုပ်စုမှ ကြိုးစားခဲ့ရာ မအောင်မြင်ဘဲ ရှိခဲ့လေသည်။ ဤသို့ဖြင့် စစ်အုပ်စုမှ ၎င်းတို့၏လက်ကိုင်တုတ်များဖြစ်သော “တစည” ပါတီမှ ဗိုလ်ချုပ်စောဖြူ၊ ဦးညီညီလွင်တို့အား မင်ပြားမြို့နယ်တွင် ဆရာကြီးတရားဟောနေစဉ်အတွင်း ထောင်ချောက်ဆင် ဖမ်းဆီးစေပြီး စစ်တွေထောင်ထဲသို့ ပို့လိုက်သဖြင့် ဆရာကြီးသည် စစ်တွေထောင်တွင်း၌ပင် နိုင်ငံရေးအကျဉ်းသားတစ်ဦးအနေဖြင့် စစ်အစိုးရမှ လူမဆန်သောနည်းဖြင့် နှိပ်စက်ညှင်းပန်းမှုအမျိုးမျိုးကို ခံခဲ့ရပြီး တရားဥပဒေမဲ့ လုပ်ကြံသတ်ဖြတ်ခြင်းခံလိုက်ရကာ ၁၉၉၀–ခုနှစ်၊ ဩဂုတ်လ(၁၄)ရက်တွင် စစ်တွေထောင်၌ပင် သူရဲကောင်းပီသစွာ ကျဆုံးသွားခဲ့ရသည်။ ဤသို့ ရခိုင်သူ၊ သားတို့အတွက် အဖိုးမဖြတ်နိုင်သော သမိုင်းသုတေသီ အမျိုးသားရေးခေါင်းဆောင်တစ်ဦး ကျဆုံးသွားခြင်းသည် ရခိုင်ပြည်အတွက် တောက်ပနေသော ကြယ်တစ်ပွင့် ကြွေကျသွားခဲ့ရခြင်းပင် ဖြစ်ပါသည်။

သို့ဖြစ်၍ ရခိုင်–မြန်မာပဏ္ဍိတ် ဆရာကြီး ဦးဦးသာထွန်း ကျဆုံးခြင်း (၁၈) နှစ်မြောက် နှစ်ပတ်လည်နေ့၌ ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များအစည်းအရုံးမှ အောက်ပါအတိုင်း သဘောထားထုတ်ပြန်ကြေငြာလိုက်သည်။

(၁) ဆရာကြီး ဦးဦးသာထွန်း ကျဆုံးသော ဩဂုတ်(၁၄)ရက်ကို ရခိုင်အမျိုးသားတို့၏ အောက်မေ့ဖွယ်နေ့ တစ်နေ့အဖြစ် သတ်မှတ်သွားမည်။
(၂) ဆရာကြီး ရေးသားပြုစုထားခဲ့သော ရခိုင်သမိုင်းဖြစ်စဉ်များနှင့် ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်သွားမည်။
(၃) ရခိုင်သမိုင်းနှင့် ရခိုင်တို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို မပပျောက်အောင် အကောင်အထည် ဖော်ဆောင်ရွက်သွားမည်။
(၄) ရခိုင်အမျိုးသားတို့ မျိုးချစ်စိတ်ဓါတ် ပိုမိုထက်သန်လာရေးအတွက် ဆရာကြီး၏ ဆုံးမစကားနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။
(၅) ရခိုင်အမျိုးသားတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရရှိအောင် ကြိုးပမ်း ဆောင်ရွက်သွားမည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များ အစည်းအရုံး (ရ၊ က၊ လ၊ စ)
ဗဟိုဌာနချုပ်
ထိုင်း–မြန်မာနယ်စပ်။

**ဆက်သွယ်ရန်**

ရဲဘော် ထွန်းဇော်
တွဲဖက် အတွင်းရေးမှူး (၁)
ထိုင်းဒေသ
၀၈– ၁၆၈၀– ၈၉၃၄

ရဲဘော်ကျော်မြင့်
တွဲဖက်အတွင်းရေးမှူး (၂)
ဘင်္ဂလားဒေ့ရှ်ဒေသ
၈၈–၀၁၈၁–၇၀၇၈–၁၃၃, ၀၁–၇၄၅၀–၉၄၆၄၆